# ဖအေတူသား

ဝင်းငြိမ်း

MARC ELIOT

New York Times
Bestselling author



# MICHAEL DOUGLAS

ဖခင်ဖြစ်သူ ကတ်ဒေါက်ကလပ်စ်၊

သားများ ဖြစ်သည့် ဂျိုဝယ်လ်(အသက်၆ နှစ်)(ဝဲဘက်)နှင့်

မိုက်ကယ်လ်(အသက် ၉ နှစ်)(ယာဘက်)တို့ အား

နယူးယောက်လေဆိပ်တွင် တွေ့ရှိရစဉ်။

ကတ်က ခရစ္စမတ်ကာလကို မိသားစုနှင့် အတူ ရှိနေစေရန်

ဥရောပမှ ပြန်လာခဲ့ခြင်းဖြစ်သည် ။ ထိုစဉ်က ကတ်မှာ

သားများ ၏ မိခင် ဒိုင်ယင်ဒရာနှင့် ကွာရှင်းပြတ်စဲပြီးဖြစ်သည် ။



# ဖအေတူသား

ဘုရားသခင်...ကျွန်တော်သည် ဖခင်ဖြစ်သူကို စစ်သူရဲကောင်း တစ်ဦး၊ ကားစင်တွင် သံမှိုနှက်ခံရသူ၊ ကိုယ့်နားရွက်ကို ကိုယ်ပြန်ဖြတ်ခဲ့သော အနုပညာသမားတစ်ယောက်၊ သူသာလျှင် ဤသို့သော အမှုတို့ ကို ပြုနိုင်မည့် သူ အဖြစ် မြင်မိပါသည် ။ ကျွန်တော့်အနေဖြင့်မူ ထိုကဲ့သို့သောကိစ္စတို့ ကို ဆောင် ရွက်နိုင်မည် မထင်ပါ။ ဖခင်ဖြစ်သူကဲ့သို့သော သူတစ်ယောက် ကျွန်တော် ဖြစ်လာနိုင်မည် မဟုတ်ဟု ထင်ပါသည် ။

မိုက်ကယ်လ်ဒေါက်ကလပ်စ်

* * *

ဟောလိဝုဒ်က နာမည်ကျော်တစ်ယောက်ရဲ့ သား သို့မဟုတ် သမီး တစ်ယောက်ဖြစ်လာခြင်းဟာ ဘုရားသခင်ပေးတဲ့ ဧရာမကောင်းချီးဖြစ်နိုင် သလို အင်မတန်ဆိုးရွားတဲ့ ကျိန်စာသင့်ခြင်းလို့ လည်း ဆိုနိုင်ပါတယ်။ ဘာ ကြောင့် လဲဆိုတော့ အောင်မြင်ကျော်ကြားတဲ့ မိဘရဲ့ အရိပ်အောက်က လွတ် မြောက်ပြီး ကိုယ်ပိုင်အလင်းရောင် ဂုဏ်သတင်းနဲ့ ရပ်တည်နိုင်ဖို့ အတွက် တစ်ခါတစ်ရံမှာ ပေးဆပ်ရတဲ့ တန်ဖိုးက ကြီးမားလို့ပါပဲ။

ပေါလ်နျူမင်ရဲ့ သား စကော့က အဖေလိုပဲ ရုပ်ချောတယ်။ ဒါပေမဲ့ အဖေလို အနုပညာမထူးချွန်တာကြောင့် အဖေ့အရိပ်အောက်မှာ သာ နေခဲ့ရပြီး အသက် ၂၈ နှစ်အရွယ်မှာ မူးယစ်ဆေးဝါးထိုးသွင်းတာ လက်လွန်ပြီး အသက် ဆုံးခဲ့ရတယ်။ ဂရေဂရီပက်ခ်ရဲ့ သားကလည်း သူ့အဖေရဲ့ အောင်မြင်မှုကို မကျော်လွှန်နိုင်ခဲ့ဘဲ နောက်ဆုံးမှာ သူ့ကိုယ်သူ ပစ်သတ်

သေသွားခဲ့ပါတယ်။ ချားလ်စ်ဘွိုင်ယာရဲ့ သားကလည်း သူ့ကိုယ်သူ သတ်သေသွားခဲ့တာပဲ။ မာလွန် ဘရန်ဒိုရဲ့ သမီးက သူ့ချစ်သူကို အစ်ကိုဖြစ်သူက ပစ်သတ်ခဲ့တာကြောင့် သူ့ကိုယ်သူ သတ်သေလိုက်ပါတယ်။ ဘရန်ဒိုရဲ့ သားက သရုပ်ဆောင်လုပ် ပါသေးတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘဲ နောက်ဆုံးမှာ လူသတ်မှုနဲ့ ထောင် ကျခဲ့ရပါတယ်။

နောက်ထပ် ဥပမာပေးစရာတွေ မရေမတွက်နိုင်လောက်အောင် ရှိပါသေးတယ်။ ဆစ်ဒနီအားလ်ချက်ပလင် ဆိုတာက ချာလီချက်ပလင်ရဲ့ သားပါ။ သူက သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်တဲ့ အပြင် ရည်မှန်းချက် လည်း ကြီးသူပါ။ ဒါပေမဲ့ သူ့အဖေရဲ့ ကားဟောင်းတွေကို ဝင်ငွေစံချိန်ကျော် လွန်သွားအောင် မလုပ်နိုင်ခဲ့ပါဘူး။ ရုပ်ရှင်မှာ ရော၊ ပြဇာတ်မှာ ပါ သာမန်သရုပ် ဆောင်သာ ဖြစ်ခဲ့ပါတယ်။ ဆစ်ဒနီနဲ့ အဖေတူအမေကွဲ ဂျယ်ရယ်လ်ဒိုင်ဆိုတဲ့ နှမတစ်ယောက် ရှိပါသေးတယ်။ သူလည်း ကမ္ဘာကျော်ခဲ့တဲ့ အဖေရဲ့ အရှိန် အဝါကို မမီနိုင်ခဲ့ပါဘူး။ ၁၉၆၉ ခုနှစ်က အောင်မြင်ခဲ့တဲ့ Easy Rider ဆိုတဲ့ ကားတစ်ကားသာ အောင်မြင်ခဲ့ဖူးတဲ့ ပီတာဖွန်ဒါက ရုပ်ရှင်မင်းသား ကြီး ဟင်နရီဖွန်ဒါရဲ့ သားပါ။ Easy Rider ရိုက်တုန်းက ဟင်နရီ သက်ရှိထင် ရှား ရှိပါသေးတယ်။ မင်းသားကြီးက သားဖြစ်သူနဲ့ တွဲပြီး အတူတူ သရုပ် ဆောင်ချင်တဲ့ ဆန္ဒ မရှိတာကြောင့် Wanda Nevada တစ်ကားမှာ သာ ခဏ လေးသရုပ်ဆောင်ခဲ့ပါတယ်။ ဒီကားက ၁၉၇၉ ခုနှစ်၊ ဇွန်လမှာ ရုံတင်ပြသပြီး တဲ့ နောက် ဘယ်ပျောက်သွားမှန်းမသိတော့ပါဘူး။ ဒီကားမှာ သားဖြစ်သူ သရုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး မင်းသားကြီးက အားရပုံ မရှိပါဘူး။ ပီတာနဲ့စာရင် သူ့အစ်မ ဂျိန်းဖွန်ဒါက နည်းနည်းတော်သေးတယ်လို့ ပြောရမလိုပါပဲ။ သူက Hanoi Jane ဇာတ်ကားနဲ့ အောင်မြင်မှုရခဲ့တယ်။ ၁၉၈၁ ခုနှစ်မှာ မာ့ခ်ရီဒဲလ် ရိုက်တဲ့ On Golden Pond ရုပ်ရှင်ကားမှာ ဖခင်ဖြစ်သူနဲ့

အတူ သရုပ်ဆောင်ခွင့် ရခဲ့တယ်။ အဲဒီ ရုပ်ရှင်ကားမှာ သက်ကျားအို ဟင်နရီဖွန်ဒါ က အကယ်ဒမီရခဲ့ပါတယ်။ ဂျိန်းက နာမည်ရခဲ့ပေမဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေက များ ပါတယ်။ ဂျိန်းက အကယ်ဒမီ နှစ်ကြိမ်ရခဲ့သူဆိုပေမဲ့ ဖခင်ရဲ့ အောင်မြင်မှု နဲ့ တော့ မယှဉ်သာပြန်ပါဘူး။ ၁၉၈၁ ခုနှစ်မှ ၁ သားနဲ့ သမီး လိုအပ်ချက်ကြောင့် သားအဖသုံးယောက်ပေါင်းပြီးကားတစ်ကားရိုက်ဖြစ်ခဲ့ကြပါသေးတယ်။

ကနေဒါဇာတိဖြစ်တဲ့ ဒေါ်နယ်ဆူသာလင်က ၁၉၇၀ ပြည့်နှစ်မှာ M*A *S*H ဇာတ်ကားနဲ့ အောင်မြင်ထင်ရှားခဲ့ပြီး ရုပ်ရှင်ကားပေါင်း ၁၆၀ လောက် ရိုက်ခဲ့ရကာ ဆုတွေလည်း လှည်းတစ်စီးတိုက်လောက် ရခဲ့ပါတယ်။ အဲဒီ ဆုတွေထဲမှာ အကယ်ဒမီတော့ တစ်ဆုမှ မပါဘူး။ သူ့သားကိုင်ဖါ ဆူသာလင်က ရုပ်မြင်သံကြားဇာတ်လမ်းတွေရော၊ ရုပ်ရှင်ကားတွေမှာ ပါ အောင်မြင်ပါရဲ့ ၊ ဒါပေမဲ့ ဒေါသကြီး၊ စိတ်တိုမှုတွေကြောင့် အမှုသံသရာလည် နေတယ်။ ရုပ်ရှင်ကားကြီးအနေနဲ့ တော့ အောင်မြင်တာ တစ်ကားမှ မရှိပါဘူး။ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ တော့ အောင်မြင်ပြီး ၂၄ အမည်ရှိ ဇာတ် လမ်းတွဲကိုရိုက်လာတာ ၉ နှစ်လောက် ရှိပါပြီ။

တွမ်ဟင့်ခ်က ဟောလိဝုဒ်မှာ သရုပ်ဆောင်အဖြစ်နဲ့ ရော ထုတ်လုပ်သူ အဖြစ်နဲ့ ပါ အောင်မြင်ပါတယ်။ ဒါပေမဲ့ သူ့သား ကိုလင်းကျတော့ ရုပ်ရှင် လောကမှာ ခုချိန်ထိ နာမည်တစ်လုံးရအောင် မတည်ဆောက်နိုင်သေးပါဘူး။ ဂျိမ်းစ်ဘွန်းဇာတ်ကားများ ရဲ့ ပထမဆုံးမင်းသားကြီးဖြစ်တဲ့ ရှောန်ကွန်နရီက ကမ္ဘာကျော်ဖြစ်ပေမဲ့ သူ့သား ဂျေဆန်ကတော့ ခုထက်ထိ လူမသိသူမသိ သရုပ်ဆောင်တစ်ယောက် ဖြစ်နေဆဲပါ။ အဲဒီလိုများပြားလှတဲ့ အဖေ့ခြေရာ မနင်းနိုင်သူ သားများ စာရင်းမှာ မင်းသားကြီး ဂျွန်ဝိန်းရဲ့ သား ပက်ထရစ်၊ မင်းသမီးကြီး လာနာတားနားရဲ့ သမီး ရှယ်

ရယ်လ်၊ ရှီးန်သားအဖတွေ၊ မာတင်သားအဖတွေ စသဖြင့် ပြောလို့ မကုန်နိုင်အောင် ရှိကြပါတယ်။ မိဘရဲ့ အောင်မြင်မှုလောင်းရိပ်အောက်က နေ မထွက်နိုင်ကြတဲ့ သားသမီးသရုပ်ဆောင် တွေပေါ့။

ဒီနေရာမှာ ထူးထူးခြားခြား ဖောက်ထွက်လာနိုင်သူတွေလည်း ရှိကြပါတယ်။ သရုပ်ဆောင် ဂျက်ဖ်ဘရစ်ဂျ်နဲ့ သူ့ညီ ဗျူတို့ က ရုပ်မြင်သံကြားမှာ အောင်မြင်ခဲ့တဲ့ မင်းသားကြီး လွိုက်ဘရစ်ဂျ်ရဲ့ သားတွေပါ။ ဖအေဖြစ်သူက ကုန်ကျစရိတ်နည်းနည်းနဲ့ ရိုက်ကူးခဲ့ပြီး ၁၉၅၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ တင်ဆက်ခဲ့တဲ့ အင်ဒီပဲန်ဒင့်ကုမ္ပဏီရဲ့ Sea Hunt ဇာတ်လမ်းတွဲမှာ မိုက်ခ်နယ်လ်ဆင်အဖြစ် သရုပ်ဆောင်ရာမှာ နာမည်ရခဲ့တယ်။ ရုပ်ရှင်အနေနဲ့ ၁၉၅၂ ခုနှစ်က ရိုက်ခဲ့တဲ့ High Noon ၁၉၈၀ က ရိုက်ခဲ့တဲ့ Airplane!, ၁၉၈၂ ခုနှစ်မှာ ရိုက်တဲ့ Airplane II တို့ မှာ လည်း အောင်မြင်ခဲ့သူပါ။ ညီအစ်ကို နှစ်ယောက်တို့ က အဖေ့လောင်းရိပ်အောက်က ရုန်းထွက်နိုင်ခဲ့ကြပါတယ်။ ဂျက်ဖ်ကဆိုရင် ၁၉၉၈ ခုနှစ်က ရိုက်ခဲ့တဲ့ The Big Lebowski ဇာတ်ကားနဲ့ ထင်ရှားခဲ့ပြီး ၂၀၀၉ မှာ သရုပ်ဆောင်ခဲ့တဲ့ Crazy Heart ဇာတ်ကားနဲ့ အော်စကာရရှိခဲ့ပြီးနောက် ရုံဝင်ငွေကောင်းအောင် ဆွဲဆောင်နိုင်တဲ့ မင်းသား တစ်လက် ဖြစ်လာခဲ့ပါတယ်။

စူပါစတားမင်းသားတစ်လက်ဖြစ်တဲ့ ဘင်စတီလာက ရုပ်သံဇာတ်လမ်းများမှာ လူရွှင်တော်အဖြစ် သရုပ်ဆောင်ကြတဲ့ ဂျယ်ရီစတီလာနဲ့ မီရာတို့ ရဲ့ သား ဖြစ်ပါတယ်။ ဂျိမ်းစ်ဘရိုလင်က မထင်ရှားတဲ့ သရုပ်ဆောင်ဖြစ်ပေမဲ့ သူ့သား ဂျော့ရှ်က ဆယ်စုနှစ်ရဲ့ အအောင်မြင်ဆုံးမင်းသားများ ထဲမှာ တစ်ဦး အပါအဝင် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် တချို့သော မင်းသားများက ဖခင် သရုပ်ဆောင်များကို မကျော်နိုင်ကြဘူး ဆိုတဲ့ အစဉ်အလာကို ချိုးဖောက်နိုင်ခဲ့ ကြပါတယ်။

ဒေါက်ကလပ်စ် မိသားစုကိုကြည့်ကြပါစို့။ ဖခင်ဖြစ်သူ မင်းသား ကြီး ကတ်ဒေါက်ကလပ်စ်က စ,ပြောရမယ်ဆိုရင် သူဟာ ရုရှားဇာတိ ဂျူးအမျိုးသားတစ်ဦး ဖြစ်ပါတယ်။ ဇာတိမြေကို စွန့်ခွာလာခဲ့ရာက မမျှော်လင့်ဘဲ ကမ္ဘာကျော်တစ်ယောက်ဖြစ်လာခဲ့တာပါ။ သူ့ဘဝမှာ အကွေ့အကောက် များ စွာကိုကျော်ဖြတ်ပြီးမှ အောင်မြင်မှုပ န်းတိုင်ကို ရောက်ခဲ့ရတာပါ။ ကတ်က မထင်မရှား သရုပ်ဆောင်တစ်ယောက်အဖြစ် ဘရော့ဒ်ဝေးဇာတ်ခုံပေါ် ကျင်လည်နေဆဲမှာ ပဲ ဒိုင်ယာနာလပ်ဖ်ဒေးလ် ဆိုတဲ့ မိန်းကလေးနဲ့ အိမ်ထောင်ပြု လိုက်ပါတယ်။ ကတ်က တစ်ဦးတည်းသောသားဖြစ်ပြီး နိုင်ငံရပ်ခြားက လာရသူဖြစ်တာကြောင့် အောင်မြင်ဖို့ အတွက် သူ အစွမ်းကုန် ကြိုးစားခဲ့တယ်။

ပြင်ပလောကကို စိတ်ဝင်စားမှုနည်းပါးပြီး အလုပ်ကိုသာ အာရုံထားတဲ့ ကတ်မှာ သားလေးနှစ်ဦး ထွန်းကားခဲ့ပါတယ်။ ၁၉၄၄ ခုနှစ်မှာ သားကြီး မိုက်ကယ်လ် ကို မွေးပြီး ၁၉၄၇ မှာ သားငယ် ဂျိုဝယ်လ် ထွန်းကားခဲ့တာပါ။ ကတ်က သားနှစ်ယောက်နဲ့ ရော၊ ဇနီးသည် နဲ့ ပါ အရောတဝင်မရှိ အနေဝေးပါ တယ်။ ဒါပေမဲ့ ကတ်က ရုရှားနိုင်ငံသား ဖခင်ဖြစ်သူကိုတော့ လေးစားရိုသေမှု ရှိပါတယ်။ သရုပ်ဆောင်လောကမှာ ကျင်လည်နေရာကနေ ကတ်က သူ့ သဘောနဲ့ သူ တစ်ယောက်တည်းပဲ ဟောလိဝုဒ်ကို ထွက်ခွာသွားခဲ့ပါတယ်။ ဇနီးနဲ့ နှစ်နှစ်အရွယ်သားကလေး မိုက်ကယ်လ်တို့ ကို ထားခဲ့တယ်။ မိန်းမလိုက် စားတာ ဝါသနာပါတယ်လို့ ကိုယ်တိုင်ဝန်ခံထားတဲ့ ကတ်အတွက် ဟောလိဝုဒ် က အချိုရှာ သကာတွေ့ဆိုသလိုပါပဲ။

၁၉၄၆ ခုနှစ်မှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တဲ့ The Strange Love of Martha Ivers ကားပြီးတဲ့ နောက်မှာ ပိုကောင်း၊ ပိုကြီးကျယ်တဲ့ ရုပ်ရှင်ကားများမှာ သရုပ်ဆောင်ခွင့် ရလာခဲ့ပါတော့တယ်။ ဟောလိဝုဒ်မှာ ပွဲ

ချင်တိုင်းပွေနေတဲ့ ကတ်ကို ဇနီးသည် က ကွာရှင်းပြတ်စဲခွင့် တောင်းခံလာ ပါတယ်။ ဒိုင်ယာနာက ခင်ပွန်းဖြစ်သူဟာ တွဲဖက်သရုပ်ဆောင်ရတဲ့ မင်းသမီးများ နဲ့ ငြိစွန်းလေ့ရှိတယ်လို့ စွပ်စွဲတာကို ကတ်ကလည်း မငြင်းပါဘူး။ 'ဟုတ်တယ်...ငါက မိန်းမတွေကို ကြိုက်တယ်။ မာရီလင်မက်စ်ဝဲလ်ဆို ရင်လည်း ကြိုက်တာပဲ။ သူက ချောတာကိုး။ ငါက လူဆိုးတစ်ယောက်ပါ။ မိန်းမပေါင်းများ စွာနဲ့ ပတ်သက်ခဲ့တယ်'လို့ ပွင့်ပွင့်လင်းလင်း ဝန်ခံပါတယ်။

ဒိုင်ယာနာက ဒီလို မရှုပ်မပွေဖို့ အကြိမ်ကြိမ်တောင်းပန်ခဲ့ပေမဲ့ ကတ်ကတော့ ခွေးမြီးကောက် ကျည်တောက်စွပ်ပါပဲ။ ဒါကြောင့် ၁၉၅၀ ပြည့်နှစ်မှာ ဒိုင်ယာနာက ကွာရှင်းပြတ်စဲခွင့်အတွက် ရုံးတော်မှာ လျှောက်ထား ပါတော့တယ်။ အဲဒီအချိန်မှာ မိုက်ကယ်လ်က ခြောက်နှစ်သားအရွယ် ရှိပါပြီ။ အဖေက သူတို့ ကို စွန့်ပစ်သွားတယ် ဆိုတဲ့ ခံစားချက်ကို သူနားလည်နေပြီ။ ဒါကြောင့် အမေကို အရင်ကထက် ပိုပြီး ခင်တွယ်လာတယ်။ သူကိုယ်တိုင် ပထမဆုံးရေးသားခဲ့တဲ့ ဘဝမှတ်တမ်းစာအုပ် The Ragman's Son မှာ ကတ်က နယူးယောက်မှ ရှိနေတဲ့ ဇနီးနဲ့ သားနှစ်ယောက်ထံ လာလည်ချိန်က မြင်ကွင်းကို ရေးရာမှာ 'ကျွန်တော်နဲ့ ဒိုင်ယာနာတို့ မီးဖိုခန်းထဲမှာ တစ်ယောက်တစ်ခွန်း စကားများ နေကြတဲ့ အချိန် ခြောက်နှစ်အရွယ်သားကြီး ကျွန်တော်တို့ ဆီ လာနေ တာကို မြင်လိုက်ကြတာကြောင့် နှစ်ယောက်စလုံး ရပ်လိုက်ကြတယ်။ ဒါပေမဲ့ သားက ရှိုက်ကြီးတငင် ငိုချလိုက်တယ်။ အဲဒီကတည်းက ဒိုင်ယာနာနဲ့ ကျွန်တော်ကလေးနှစ်ယောက်အတွက် အတူနေလို့ ဘယ်နည်းနဲ့ မှ မဖြစ်နိုင်ဘူးဆိုတာ သိလိုက်ကြပါတယ်'လို့ ရေးသားခဲ့ပါတယ်။

မိုက်ကယ်လ်ကလည်း ပြန်ပြောပြရာမှာ 'ကျွန်တော် အဖေတို့ နဲ့ ပတ် သက်ပြီး မှတ်မိတာက သုံးနှစ်သားလောက်က ဖြစ်မယ်ထင်တယ်။

သူတို့ ရန်ဖြစ်နေကြတယ်။ ကိုယ်ထိလက်ရောက် မဟုတ်ပါဘူး။ ခွန်းကြီးခွန်းငယ် အော်ဟစ်နေကြတာပါ။အသံတွေက ကျယ်သထက်ကျယ်လာခဲ့တယ်'လို့ ဆိုတယ်။ အဲဒီအသံတွေက မိုက်ကယ်လ်ရဲ့ ခေါင်းထဲမှာ ဘယ်တော့မှ ပျောက် မသွားဘဲ ပဲ့တင်ထပ်နေခဲ့ပါတော့တယ်။ အဖေ အနားမှာ မရှိလို့ ကိုယ့်အား ကိုယ်ကိုးပြီး အောင်မြင်လာသည့် တိုင် မမေ့နိုင်ခဲ့ပါဘူး။ အဖေနဲ့ တိုက်ရိုက် ထိတွေ့ခွင့်မရတော့တဲ့ မိုက်ကယ်လ်က ပိတ်ကားပေါ်က အဖေ့ပုံရိပ်တွေကို ကြည့်ပြီး အားကျတယ်။ သူရဲကောင်းအဖေ၊ မိန်းမချောတွေနဲ့ ချစ်ကျွမ်းဝင်တဲ့ အဖေ။ ဘဝထဲမှာ အဖေ တကယ်မရှိပေမဲ့ အဖေ့ပုံရိပ်တွေကတော့ မပြတ်မြင် တွေ့နေရတယ်။ ဒါကို မိုက်ကယ်လ်က လေးစားတယ်၊ ကိုးကွယ်တယ်။လူရွယ်ဘဝရောက်လာတော့ မိုက်ကယ်လ်က အဖေ့ခြေရာနင်းပြီး သရုပ်ဆောင်ကမ္ဘာထဲမှာ သူ့အတွက် နေရာတစ်ခုရအောင် ကြိုးစားလာခဲ့ပါတယ်။ အဖေ့ကို အားကျတာမှန်ပေမဲ့ အဖေနဲ့ တော့ မတူစေရဘူးလို့ လည်း သူ ဆုံးဖြတ် ခဲ့တာပါ။

၁၉၅၁ ခုနှစ် ဇန်နဝါရီလမှာ ရုံးတော်က ကွာရှင်းပြတ်စဲလိုမှုကို အပြီးအပြတ် ဆုံးဖြတ်ပေးလိုက်တော့ သားနှစ်ယောက်ကို ဒိုင်ယာနာက အုပ်ထိန်းခွင့်ရပြီး ကတ်အနေနဲ့ သားများ ထံ အကန့်အသတ်မရှိ လာရောက် လည်ပတ်ခွင့်ရပါတယ်။ ဖေဖော်ဝါရီလမှာ ဒိုင်ယာနာက နယူးယောက်မြို့ စင်ထရယ်လ်ပ့ါခ် အနောက်ပိုင်းက အခန်းတစ်ခန်းသို့ ပြောင်းရွှေ့နေထိုင် ခဲ့ပါတယ်။ အဲဒီကာလက မိုက်ကယ်လ်ရဲ့ စိတ်ခံစားမှုခြေအနေကို ဒိုင်ယာနာ က ပြောပြရာမှာ မိုက်ကယ်လ်ဟာ မိဘနှစ်ပါး လမ်းခွဲတာနဲ့ ပတ်သက်ပြီး တော်တော်မကျေမချမ်းဖြစ်ခဲ့ကြောင်း၊ အမေ့စကားကိုလည်း နားမထောင် တော့ဘဲ တော်လှန်ပုန်ကန်လာကြောင်း၊ ခေါင်းမာပြီး ထင်ရာစိုင်း လာကြောင်း အမှတ်တရပြောပြပါတယ်။ 'ဒါနဲ့

သူ့ကို ကလေးစိတ်ရောဂါ အထူးကုဆရာဝန် တစ်ယောက်နဲ့ သွားပြရတယ်။ ဆရာဝန်က သူ့ကို ကစားခိုင်းပြီး ထိုင်ကြည့်နေ တာပါ။ ပြီးတော့မှ ကျွန်မကို ပြောပြတယ်။ ကလေးက သိပ်ဆိုးဆိုးရွားရွား ကြီးတော့ မဟုတ်သေးပါဘူးတဲ့ ။ သူဟာ ရောမဆုံးရှုံးမှုကြီးတစ်ခုကို ကြုံလိုက် ရပြီး အဲဒီဆုံးရှုံးမှုဟာ ကျွန်မကြောင့် ဖြစ်ရတာလို့ စိတ်စွဲနေတယ်တဲ့ ။ ဒါကြောင့် သူ့ကို သိပ်စည်းကမ်းမတင်းကျပ်ဘဲ လျှော့ပေးပါ။ သူ့ကိုချစ်ကြောင်းပိုပြပါ လို့ ပြောပါတယ်'လို့ ဆိုပါတယ်။

အိမ်ထောင်ပျက်သွားတဲ့ မိဘတိုင်း ကြုံတွေ့ရတဲ့ ပြဿနာပါပဲ။ အဖေနဲ့ အမေ ကွဲသွားကြတာ အဖေ့ကြောင့် လား၊ အမေ့ကြောင့် လား၊ ဒါမှ မဟုတ် ငါ့ကြောင့် လားလို့ အတွေးဝင်တတ်ကြပါတယ်။ မိုက်ကယ်လ်ရဲ့ ပြဿနာကလည်း ဒါပါပဲ။ သူက မိသားစုကို ပစ်သွားတဲ့ အဖေကို အပြစ်တင် တယ်။ အဖေမနေနိုင်အောင်လုပ်တာက အမေလို့ လည်း မြင်တတ်တယ်။ တစ်ခါတစ်ခါကျတော့ သူ့ကိုယ်သူ အပြစ်တင်တတ်ပြီး တစ်ခါတလေ ကျ တော့လည်း ညီဖြစ်သူ ဂျိုဝယ်လ် မလိမ္မာရကောင်း လားလို့ အပြစ်မြင်နေ ပြန်ရော။ ဒီလိုထွေပြားတဲ့ စိတ်က မိုက်ကယ်လ်ကို အရာရာမှာ တော်လှန် ပုန်ကန်ချင်စိတ်ပေါ်ပေါက်စေပါတယ်။ (ဂျိုဝဲလ်က နာကြည်းစိတ်ကို တခြား နည်းနဲ့ ဖြေဖျောက်ပါတယ်။ သူက စိတ်ခံစားရသမျှကို အလေးမ,ပစ်လိုက် တယ်။ ဒေါသတွေကို သူ့ကိုယ်ပေါ်မှ ကြွက်သားတွေအဖြစ် ပြောင်းလဲလိုက် တာပါ။)

မိုက်ကယ်လ်က သူ့စိတ်ခံစားချက်တွေကို ပထမအိမ်ထောင်ပြုတဲ့ အချိန်ထိ မဖျောက်ဖျက်နိုင်ပါဘူး။ အိမ်ထောင်ပြုရာမှာ လည်း အဖေနဲ့ တစ်သဘောတည်းပါပဲ။ ကတ်က ပထမအိမ်ထောင်ပြုရာမှာ ငွေရေးကြေးရေး ကိုကြည့်ပြီး ရွေးခဲ့တယ်။ မိုက်ကယ်လ်ကလည်း ထိုနည်းတူပါပဲ။ ကတ်က မိန်းမတွေအပေါ်မှာ တောက်လျှောက်လိမ်ညာလှည့်စားခဲ့တယ်

။ မိုက်ကယ်လ် ကလည်း ထပ်တူထပ်မျှပါပဲ။ မိုက်ကယ်လ်က ပထမဇနီး သည့် ကို ကွာရှင်းပြီး ဒုတိယအကြိမ် အိမ်ထောင်ပြုတော့ သူယူတဲ့ မိန်းမက သူ့အဖေ နောက်ယူတဲ့ မိန်းမနဲ့ တော်တော်တူပါတယ်။ ပြောရရင် သူတို့ သားအဖက မှန်ထဲကအရိပ်နဲ့ အပြင်ကလူလို ဖြစ်နေတယ်။ တစ်န ည်းအားဖြင့် မိုက်ကယ်လ်ဟာ သူ့အဖေ ခြေရာကို တစ်ထပ်တည်းနင်း နေတယ်။

ကလေးစိတ်ဆရာဝန်က ဒိုင်ယာနာကို ခုလို စောစောစီးစီး ဆွေးနွေး လိုက်ခြင်းက မိုက်ကယ်လ်ရဲ့ လူမှုဆက်ဆံရေးကို တိုးတက်ပြောင်းလဲ လာစေ မယ်။ အထူးသဖြင့် သူတို့ ညီအစ်ကိုဆီကို အဖေဖြစ်သူ လာလ ည်တဲ့ အခါ စိတ်ခံစားမှု ပြောင်းလဲသွားစေမယ်လို့ ပြောပြခဲ့ပါတယ်။ က တ် ရေးတဲ့ စာအုပ်မှာ တစ်ရက်တော့ သူက သားတွေကိုတွေ့ဖို့ နယူး ယောက်အနောက် ပိုင်းက တိုက်ခန်းကိုသွားပြီး ဇနီးဟောင်း ဒိုင်ယာနာ ရဲ့ ပါးပြင်ကို နမ်းကာ နှုတ်ဆက်လိုက်ပါသတဲ့ ။ ဒီအခါ မိုက်ကယ်လ်က ငိုပါလေရော။ 'နောက်နှစ် ပေါင်း သုံးဆယ့်ငါးနှစ် ကြာတော့မှ သူ ဘာကြောင့် ငိုတယ်ဆိုတာ မိုက်ကယ်လ်က ပြန်ပြောသတဲ့ ။ သူ ထင်နေ တာက အဖေနဲ့ အမေ တစ်ယောက် နဲ့ တစ်ယောက်စိတ်ဆိုးနေကြမယ် ထင်တာ၊ သူထင်သလို မဟုတ်လို့ အံ့သြပြီး ငိုခဲ့တာပါ'တဲ့ ။ သားတွေစိ တ်ထဲမှာ ကျွန်တော်က သူတို့ ကိုပစ်သွားတယ်လို့ ခံစားနေကြရတယ်။ ဒါပေမဲ့ အဲဒီကိစ္စကို သူတို့ နဲ့ လုံးဝ မဆွေးနွေးဖြစ်ပါဘူး' လို့ ကတ်က ရေးခဲ့ပါတယ်။

သားအဖတွေကြားမှာ ဒီစိတ်ခံစားချက်က တံတိုင်းတစ်ခုလို တစ် သ က်လုံး စည်းခြားထားခဲ့တယ်။ ညီအစ်ကိုနှစ်ယောက်မှာ မိုက်ကယ်လ်က ပိုပြီး စိတ်ထိခိုက်ခံစားလွယ်တယ်။ သူ့အိမ်ထောင်ဆက်များမှာ လည်း စိ တ်ဆိုး သည် ဖြစ်စေ၊ ဒေါသထွက်သည် ဖြစ်စေ ဘယ်တော့မှ ထုတ်ဖော်

မပြသဘဲ ကျိတ်ခံတတ်တဲ့ အကျင့် ရှိတယ်။ ဒါကြောင့် သူ့ရုပ်ရှင်များမှာလည်း ကျိတ် ခံစားတဲ့ ဇာတ်ကောင်စရိုက်တွေက သူနဲ့ ပိုပြီးလိုက်ဖက်ပါတယ်။ Fatal Attraction, Basic Instinct နဲ့ Disclosure ဇာတ်ကားတွေမှာ သူ့ဇာတ်ကောင် စရိုက်တွေက အပြင်က သူ့အတိုင်းပါပဲ။ သုံးကားစလုံးက ဇာတ်ကောင်တွေက လိင်ကိစ္စကြောင့် ဒုက္ခရောက်နေကြသူတွေ။ ရုပ်ရှင်ဝေဖန်ရေးနဲ့ သုတေသီ တစ်ဦးဖြစ်တဲ့ ဒေးဗစ် သော်မ်ဆင်က အဲဒီလို ဒုက္ခရောက်နေတဲ့ ဇာတ်ကောင် စရိုက်က မိုက်ကယ်လ်နဲ့ အလိုက်ဖက်ဆုံးလို့ သုံးသပ်ပြပါတယ်။ 'သူက ပင်ကိုစရိုက်အားဖြင့် အားနည်းပြီး စာရိတ္တအားဖြင့်လည်း ထိန်းသိမ်းချင်သူ၊ သို့သော် တစ်ဖက်မှာ လည်း ဖောက်ပြန်ချင်သူ၊ ဖောက်ပြန်ဖို့ ကျတော့လည်း ရဲရဲဝံ့ဝံ့မရှိသူ၊ အဲဒီလို စရိုက်မျိုးတွေ သရုပ်ဆောင်ရာမှာ အရမ်းကျွမ်းကျင် တယ်'လို့ ဆိုပါတယ်။

အောင်မြင်တဲ့ ဖခင်များ ရဲ့ ခြေရာ နင်းနိုင်သူ ရှားပေမဲ့ မိုက်ကယ်လ်က သူဟာ မမျှော်လင့်ဘဲ ဒီလောကထဲရောက်လာခဲ့တာပါလို့ ဆိုတယ်။ 'ကျွန်တော် သရုပ်ဆောင်ဖြစ်လာတာက တခြား စိတ်ဝင်စားစရာ အကြောင်း မရှိလို့ ပါ။ စန်တာဘာဘရာက ကယ်လီဖိုးနီးယားတက္ကသိုလ် ပထမနှစ် တက်ချိန်ထိ ဘာကို စိတ်ဝင်စားရမှန်းကို မသိဘူး။ သရုပ်ဆောင်လုပ်ဖို့ ဆိုတာ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူး။ ဒါကြောင့် တက္ကသိုလ်မှာ သရုပ်ဆောင် ဘာသာရပ်ကိုယူခဲ့ပေမဲ့ အထက်တန်းကျောင်းသားဘဝတုန်းက ကျောင်းကပွဲ တွေမှာ တောင် ပါခဲ့ဖူးတာ မဟုတ်ဘူး ။ ဒါကြောင့် ကျွန်တော် သရုပ်ဆောင် အလုပ် စ,လုပ်တော့ တော်တော်ကလေး ရုန်းကန်ရတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိအောင် မနည်းတည်ဆောက်ခဲ့ရတယ်'လို့ ဆိုတယ်။

မိုက်ကယ်လ် အရမ်းကျေနပ်တာကတော့ အသက် သုံးဆယ့်တစ်နှစ်

အရှယ်မှာ သူ့အဖေ မလုပ်နိုင်ခဲ့တာကို သူ စွမ်းဆောင်လိုက်နိုင်ခြင်းပါပဲ။ အဲဒီအချိန်မှာ သူက အောင်မြင်စပြုနေပြီဖြစ်တဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ များ နဲ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်နေပါပြီ။ စာရေးဆရာ ကင်ကေဆီက အတ္တုပ္ပတ္တိ တစ်ခုနဲ့ စိတ်ကူး ရောမွှေဖန်တီးထားတဲ့ One Flew Over Cuckoo's Nest ကို ရေးသားတော့ ကတ်က ရုပ်ရှင်ရိုက်ဖို့ စာအုပ်မထွက်ခင်ကတည်းက ဝယ်ထားခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်ကပေါ့။ သူဝယ်စဉ်က ဒေါ်လာ ၄၇၀၀၀ ပေးခဲ့ရတယ်။ ဒါကို ၁၉၆၃ ခုနှစ်မှာ ကတ်က ဘရော့ဒ်ဝေးမှာ ပြဇာတ်အဖြစ် က,တယ်။ သူက အဓိကဇာတ်ကောင်ဖြစ်တဲ့ ရန်ဒဲလ်မက်မာဖီ ဆိုတဲ့ စိတ်မနှံ့ သူ နေရာက က,ပါတယ်။ ဘရော့ဒ်ဝေးမှာ က, တယ်ဆိုတာက ကတ်အနေနဲ့ ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူးနိုင်အောင် သွေးတိုးစမ်းလိုက်တာပါ။ ဒီဇာတ်ကို သာ ရုပ်ရှင်ရိုက်လိုက်ရရင် အကယ်ဒမီရမှာ ပဲလို့ တွက်ထားတယ်။ သူ့ဘဝမှာ အောင်မြင်မှုတွေ တစ်လှေကြီးရခဲ့ပေမဲ့ အကယ်ဒမီတော့ မရဖူးသေးပါဘူး။

Cuckoo's Nest ပြဇာတ်ကို ဘရော့ဒ်ဝေးမှာ သမ္မတ ဂျွန်အက်ဖ် ကနေဒီ လုပ်ကြံမခံရမီ ကိုးရက်အလို နိုဝင်ဘာလ ၁၃ ရက်နေ့မှာ စတင်က,ပြတယ်။ တစ်တိုင်းပြည်လုံး ကြိမ်မီးအုံးသလိုဖြစ်နေကြချိန်မို့ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှာ ပြဇာတ်ကို ပိတ်သိမ်းလိုက်ပါတယ်။ ကတ်စိတ်ထဲမှာ တော့ ဒီဇာတ်ကို ရုပ်ရှင်ရိုက်ရင် အောင်မြင်မယ်ဆိုတာ သေချာ သွားပါပြီ။

ဒါပေမဲ့ ဖြစ်မလာခဲ့ပါဘူး။ ခြောက်ဆယ်ခုနှစ်များ အလယ်လောက်မှာ အမြင့်ဆုံးကိုရောက်နေတဲ့ ကတ်ရဲ့ အောင်မြင်မှုများက တရိပ်ရိပ် ကျဆင်း လာတယ်။ ဆယ်စုနှစ်တစ်ခုအကြာမှာ ကတ်က ဒီဇာတ်ကို ရုပ်ရှင်ရိုက်ဖို့ သားဖြစ်သူ မိုက်ကယ်လ်လက်သို့ ကမ်းလိုက်ပါတယ်။ မိုက်ကယ်လ်က သူ့တွဲဖက်ထုတ်လုပ်သူ ဆော်လ်ဇန်တ်နဲ့ ရိုက်ကူးထုတ်လုပ်ခဲ့

ရာ ၁၉၇၅ ခုနှစ် အကောင်းဆုံး ဇာတ်ကားဆု ရခဲ့ပါတယ်။ သူ့အဖေ သိပ်လုပ်ချင်တဲ့ အဓိက ဇာတ်ကောင်နေရာမှာ သူ့အဖေအစား သူငယ်ချင်းဖြစ်သူ ဂျက်နီကိုလ်ဆင်ကို သရုပ်ဆောင်စေခဲ့ရာ ဂျက်လည်း အကောင်းဆုံးဇာတ်ဆောင်ဆု ရသွားပါ တယ်။ ကတ်မှာ တော့ အကယ်ဒမီနဲ့ ဝေးခဲ့ရတာပေါ့။

Cuckoo's Nest ဇာတ်ကားမှာ သူ့အဖေ နေချင်တဲ့ နေရာကို မပေးဘဲ သူငယ်ချင်းနဲ့ လဲလိုက်ခြင်းက ဟောလိဝုဒ်ထုတ်လုပ်သူလောကမှာ မိုက်ကယ်လ်ကို နေရာတစ်ခုရသွားစေခဲ့ပြီး အောင်မြင်တဲ့ မင်းသား၊ ထုတ်လုပ် သူ ဖြစ်လာစေခဲ့ပါတယ်။ သူထုတ်လုပ်တဲ့ ကားတွေက ငွေကြေးအရ အောင် မြင်တဲ့ အပြင် ဆုတွေလည်း ရလာပါတယ်။ ကိုယ်တိုင်လည်း သရုပ်ဆောင် အနေနဲ့ ၁၉၈၇ ခုနှစ်မှာ Wall Street ဇာတ်ကားနဲ့ ဒုတိယမြောက် အကယ်ဒမီ ရခဲ့ပြန်ပါတယ်။

ဆက်လက်တင်ပြသွားမှာ ကတော့ အဖေ့ခြေရာ၊ အဖေ့ပုံစံခွက်ထဲ ဝင်စ,ပြုနေချိန်မှာ မိုက်ကယ်လ် ဘယ်လိုကြိုးစားရုန်းထွက်ခဲ့သလဲဆိုတာပါ။ တကယ်တော့ ဒါဟာ မိမိကိုယ်မိမိ ရှာဖွေတွေ့ရှိသွားခြင်းလို့ ပြောနိုင်သလို ချစ်ခြင်းမေတ္တာကို အောင်နိုင်ခြင်း၊ ခိုင်မြဲတဲ့ ပျော်ရွှင်မှုကို တည်ဆောက်နိုင် ခြင်းလည်း မည်ပါတယ်။ ကတ်ဒေါက်ကလပ်စ်ရဲ့ သားဦးက မိမိကိုယ်မိမိ တည်ဆောက်နိုင်ခြင်းကို ဖေါ်ပြထားတာလည်း ဖြစ်ကြောင်းပါ။

* * *

The Streets of San Francisco ရုပ်မြင်သံကြားဇာတ်လမ်းတွဲကြော်ငြာအဖြစ် အသုံးပြုခဲ့သည့် မိုက်ကယ်လ်၏ ဓာတ်ပုံ



# အခန်း-၁

သရုပ်ဆောင်တစ်ယောက်အနေနဲ့ သရုပ်ဆောင်အတတ်ပညာပိုင်းကို ခဏထားလိုက်ဦး၊ အဖေ့ကိုကြည့်ရတာ သူ့ဥပမိရုပ်၊ သူ့ရုပ်တည်မှုက ပင်လျှင် ဝင့်ဝင့်ကြွားကြွား ရှိလှတာကြောင့် ကျွန်တော့်မှာ သိမ်ငယ်စိတ် ဝင်ရပါတယ်။

မိုက်ကယ်လ်ဒေါက်ကလပ်စ်

* * *

မိုက်ကယ်လ်ကေဒေါက်ကလပ်စ်က အညိုရောင်ဆံပင်နဲ့ ရုပ်ရည်သာအဖေနဲ့ တူတာမဟုတ်ဘဲ လွတ်လပ်မှုကို ကြိုက်တာလည်း တူပါတယ်။ ကတ်က ရုရှားနိုင်ငံသား၊ ဂျူးမိဘများမှ နယူးယောက်မြို့မှာ မွေးဖွားခဲ့တာပါ။ ဟာဆဲလ် ဒယ်နီရယ်လ်လိုဗစ်ချ် အမည်ရှိ စက်ချုပforးမိသားစုတို့ ဟာ ၁၉၀၈ ခုနှစ်မှာ မော်စကိုမြို့တော်ကို စွန့်ခွာခဲ့ကြပါတယ်။ အဲဒီကာလမှာ ရုရှားနိုင်ငံကို အုပ်ချုပ်နေတဲ့ ဇာဘုရင်နဲ့ ဂျပန်နိုင်ငံတို့ စစ်ဖြစ်ကြတော့ ဇာဘုရင်က ဂျူးတွေကို အတင်းအကျပ် စစ်တိုက်ခိုင်းတာကြောင့် ဂျူးအများ စုက မော်စကိုကနေ ထွက်ပြေးကြတာပါ။ နောက်နှစ်နှစ်ကြာတော့ ဟာဆဲလ် က သူချစ်သူ မုန့်ဖုတ်တဲ့ ကလေးမလေး ဘရိုင်နာ ဆန်လဲလ်ကိုခေါ်ပြီး အမေရိကန်ပြည်ထောင်စုသို့ ထွက်ခဲ့ပါတော့တယ်။ နေရာသစ်မှာ ဘဝသစ် တစ်ခု ထူထောင်ကြမယ်ပေါ့။ သူတို့ က အဲလစ္စကျွန်းကတစ်ဆင့် ကမ္ဘာသစ် ဖြစ်တဲ့ နယူးယောက်ကို ရောက်လာခဲ့ကြတယ်။ ၁၉၁၀ ပြည့်နှစ်ထဲမှာ ပဲ လက်ထပ်လိုက်ကြပြီး ဘဝသစ်တစ်ခုကို စတင်လိုက်ကြပါတော့တယ်။

၁၉၂၄ ခုနှစ်ရောက်တော့ သူတို့ မှာ သားသမီးရတနာ ခုနစ်ဦး ပွားစီး

ခဲ့ပြီ။ သမီးခြောက်ယောက်နဲ့ သားတစ်ဦး။ ပီရှာ(၁၉၁၀)၊ ကာလီ (၁၉၁၂)၊ တာမာရာ(၁၉၁၄)၊ အစ်စာ(၁၉၁၆)၊ အမွှာနှစ်ယောက်ဖြစ်တဲ့ ဟာ့ရှ်ကာနဲ့ စစ်ဖရာ(၁၉၁၈)နဲ့ ရေချယ်လ်(၁၉၂၄)တို့ ပါပဲ။ အစ်စာက နောင်မှာ အစ်စာဒယ်နီရယ်လ် လိုဗစ်ချ် ဆိုတဲ့ နာမည်ကနေ အမေရိကန်အမည် ဆန်တဲ့ ကတ်ဒေါက်ကလပ်စ်လို့ ပြောင်းလိုက်ပါတယ်။

ဟာဆဲလ်က နားအေးပါးအေးနေတတ်သူဆိုတော့ သူတစ်ယောက်တည်း စားသောက်ဆိုင်မှာ စားချင်စား၊ အိမ်မှာ စားရင်လည်း အကုန်လုံး အိပ်ရာဝင်ချိန်ကျမှ တစ်ယောက်တည်း မီးဖိုခန်းထဲကစားပွဲမှာ ထိုင်စားတတ် ပါတယ်။ အလုပ်မလုပ်တဲ့ အချိန်များမှာ မြို့ထဲက အရက်ဆိုင်တွေမှာ အချိန် ဖြုန်းတတ်ပြန်ပါတယ်။ အပြင်ထွက်ပြီး အလုပ်ကြမ်းတွေ လုပ်ရတဲ့ အချိန်မျိုးမှာ ဟာဆဲလ်က သူ့တစ်ဦးတည်းသောသား အစ်စာကို ခေါ်သွားတတ်ပါတယ်။ မိသားစု စားဝတ်နေရေးအတွက် အဖေက ဘယ်လောက် ပင်ပင်ပန်းပန်းလုပ် ရတယ်ဆိုတာ သိစေချင်တယ်။ အစ်စာက တတ်လွယ်တဲ့ ကလေးတစ် ယောက်ပါ။ ဒါပေမဲ့ ရည်မှန်းချက်ကြီးကြီးမားမား မရှိဘူး။ မိသားစုအတွက် အဖေကို ကူညီရှာဖွေမပေးဘဲ အိမ်နီးနားချင်းတွေရဲ့ အိမ်တွေကနေ အစား အသောက်တွေ ခိုးယူလာတတ်ပါတယ်။

တစ်ခါတလေမှာ တော့ ဟာဆဲလ်က အလုပ်ကြမ်းအပြင် သစ်သီးတွေကို လှည်းပေါ်တင်ပြီး လည်ရောင်းပါသေးတယ်။ အစ်စာက အဖေ့လှည်း ထဲက ပစ္စည်းတွေကိုလည်း ခိုးပြီး မိသားစုအတွက် ယူလာပေးပါတယ်။ တစ်ခါတလေမှာ အဖေ့လှည်းထဲက အာလူးတစ်လုံး၊ နှစ်လုံးလောက်ခိုး လာပြီး မီးဖုတ်စားတတ်တယ်။ တစ်ခါတော့ မြေအောက်အခန်းမှာ အာလူးအဖုတ် ကောင်းလို့ အိမ်မီးလောင်ခဲ့ပါသေးတယ်။ ဒီအကြောင်းကို ကတ်က သူ့ဘဝ မှတ်တမ်းမှာ ရေးသားဖော်ပြရာမှာ

တော့ 'ကျွန်တော့်စိတ်ထဲမှာ ထင်တော့ ထင်နေတယ်၊ မသိစိတ်လို့ ပြောရမှာ ပေါ့။ တစ်နေ့နေ့တော့ မီးလောင်လိမ့် မယ်လို့ ။ ကျွန်တော်က ရှုပ်ပွနေတဲ့ တစ်အိမ်လုံးကို မီးရှို့ပစ်ချင်နေတာ။ အမေက လည်း အမြဲပြောတယ်။ နင့်အဖေအတိုင်းပဲတဲ့ ။ ဒီစကားကို ကျွန်တော်က ဒေါသဖြစ်တယ်။ အဖေနဲ့ မတူလို့ ဘယ်သူနဲ့ တူရမှာ လဲ။ အမေနဲ့ လား၊ အစ်မ တွေနဲ့ လား '။

ဟာဆဲလ်က အရက် တော်တော်သောက်ပါတယ်။ မိသားစုမှာ ဟာဆဲလ်ကလွဲရင် ယောကျ်ားသားဆိုလို့ အစ်စာတစ်ယောက်ပဲ ရှိတာလေ။ ဒီတော့ အဖေက မကျေနပ်တာရှိတိုင်း အစ်စာကိုပဲ ပုံမှန်ရိုက်တယ်။ အိမ်ကို မီးရှို့ချင်တယ်ဆိုတာကလည်း ပုံမှန်ရိုက်နေတဲ့ အဖေ့ကို စိတ်ဆိုးတာကြောင့် လည်း ပါတာပေါ့။ အဲဒီ ဒေါသရယ်၊ ယောကျ်ားပီသတဲ့ ချောမောမှုရယ်တို့ ပေါင်းစပ်လိုက်တဲ့ အခါ အစ်စာဟာ ကမ္ဘာကျော်မင်းသားတစ်လက် ဖြစ်လာ တော့တာပါပဲ။

ကမ္ဘာသစ်တစ်ခုကို အိပ်မက်မက်ခဲ့ကြပြီး အမေရိကားကို ပြောင်းလာကြတဲ့ ဟာဆဲလ်လို ဂျူးတွေအတွက် အမေရိကားက ထင်သလောက် မလွယ်ပါဘူး။ အထူးသဖြင့် နယူးယောက်အရှေ့ပိုင်းရပ်ကွက်တွေမှာ ဂျူး တွေအတွက် အန္တရာယ်ရှိပါတယ်။ ခရစ်ယာန်အများ စုသာ နေထိုင်တဲ့ အမ်စတာဒမ်လိုနေရာမှာ အစ်စာအတွက် အပေါင်းအသင်းမရှိ အထီးကျန် နိုင်လှပါတယ်။ အိမ်ထဲမှာ ပဲ အောင်းနေရင်းက သူလုပ်ချင်တာတွေကို စိတ်ကူးနေတော့တယ်။ ကိုယ်နဲ့ မရောက်နိုင်တဲ့ နေရာတွေကို အစ်စာက စိတ်နဲ့ သွားပစ်လိုက်ပါတယ်။

အထက်တန်းကျောင်းအောင်မြင်ပြီးချိန်မှာ ငွေရှာနိုင်ဖို့ ၊ စုနိုင်ဖို့ သူ

ကြိုးစား လာတယ်။ M. Laurie ဆိုတဲ့ စတိုးဆိုင်မှာ အလုပ်ရတော့ အစ်စာက အရောင်းပြေစာတွေကို ကုလားဖန်ထိုးပြီး ငွေခိုးပါတော့တယ်။ ဒီလိုနဲ့ ပဲ အစ်စာ ဟာ ကျွမ်းကျင်တဲ့ သူခိုးတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ သူ့အရည်အချင်းကို တခြားတစ်နေရာမှာ အသုံးချဖို့ သူ စဉ်းစားတော့ ဘရော့ဒ်ဝေးဇာတ်ရုံမှာ အောင်မြင်တဲ့ ပြဇာတ်တစ်ပုဒ်ဖြစ်တဲ့ Royal Family ကို တင်ဆက်နေတဲ့ ဘယ်ရီမိုးမိသားစုကို သွားတွေ့တယ်။ တစ်ညမှာ တော့ ဒီမိသားစုကို သူ စပ်စုကြည့်ချင်တာနဲ့ သွားတွေ့တယ်။ သူတို့က အစ်စာကို ဇာတ်ညွှန်းစာရွက် ပေးပြီး ဖတ်ခိုင်းတယ်။ ပြဇာတ်ထဲက ဇာတ်ကောင်တစ်နေရာပေးမယ် လုပ် မလားဆိုတော့ အစ်စာက ခေါင်းညိတ်လိုက်ပါတယ်။ ပြဇာတ်က,ရတဲ့ အတွေ့အကြုံက ပျော်စရာကောင်းပေမဲ့ သူက ခဏပဲ က,ပါတယ်။ စတိုးဆိုင် မှာ လုပ်မြဲတိုင်း ဝင်လုပ်နေပြီး ငွေကိုလည်း ခိုးမြဲအတိုင်း ခိုးနေခဲ့ပါတော့ တယ်။ သူ့ပိုက်ဆံကို အစ်မတွေက စုထားပေးတာ ဒေါ်လာ ၂၀၀ ရချိန်မှာ တော့ အစ်စာက မြောက်ပိုင်းက မြို့တစ်မြို့ဖြစ်တဲ့ ကန်တန်ကို ထွက်လာခဲ့ပြီး စိန့်လောရင့်စ်တက္ကသိုလ်မှာ ပညာဆက်လက်သင်ယူပါတယ်။ တက္ကသိုလ်ပညာရေးက သူ့ဘဝ ကောင်းရာကောင်းကြောင်း ဖြစ်စေခဲ့ပါတယ်။

အိမ်က မထွက်ခင်တစ်ညမှာ အစ်စာက သူ့အဖေကို နှုတ်ဆက် စကားဆိုတော့ အဖေက ကြက်သွန်ဖြူပေါင်မုန့်နဲ့ စားစရာတချို့ လက်ဆောင် ပေးတယ်။ ကံကောင်းပါစေကွာလို့ နှုတ်ဆက်စကားဆိုပြီး အိပ်ရာဝင်သွား တော့တယ်။

စိန့်လောရင့်စ်တက္ကသိုလ်မှာ ပညာသင်ယူနေရတဲ့ အချိန်မှာ အစ်စာက အိမ်ကို ထူးထူးခြားခြား လွမ်းပြီး အထီးကျန်နေရတဲ့ ဝေဒနာကို ခံစားရတယ်။ စားရသောက်ရတာကလည်း ချွေတာနေရတာဆိုတော့ ဘယ်တော့မှ ဝဝ လင်လင် မရှိဘူး။ ဒါကြောင့် သူငယ်ချင်းတွေစားနေတာ

ကိုတွေ့ရင် လုစား တတ်တယ်။ တစ်ကြိမ်မှာ တော့ အဆောင်အုပ်ချုပ်ရေးမှူးက သူ လုစားတာကို မြင်ပြီး ဒေါသတကြီးနဲ့ လူရှေ့သူရှေ့ အရှက်တကွဲပြောတာ ခံလိုက်ရပါတယ်။ ရှက်သွားတဲ့ အစ်စာက လုယက်စားသောက်တာမျိုး မဟုတ်ဘဲ အစားရချောင် မယ့်နည်းကို ရှာကြံတယ်။ အဲဒီမှာ မိန်းကလေးတွေနဲ့ ပတ်သက်အောင် ဖန်လာတော့တာပါပဲ။

တိတိကျကျပြောလို့ ရတဲ့ တစ်ယောက်ကတော့ အစ်ဇဘဲလားပါ။ပညာတော်ပြီး ရုပ်ရည်ကလည်း ချောတယ်။ သူတို့ နှစ်ယောက်မျက်လုံးချင်း ဆုံမိသွားကြတယ်။ အစ်စာက မိန်းကလေးကို စကားစပြောရမှာ ရှက်လို့ ကဗျာလေးတစ်ပုဒ် ရေးပေးလိုက်ပါတယ်။ အဲဒီကအစ သူတို့ နှစ်ယောက် တွဲသွားတွဲလာ ဖြစ်သွားကြတယ်။ ဒါပေမဲ့ အစ်ဇဘဲလားဟာ သူနဲ့ ထာဝစဉ် လက်တွဲနိုင်မယ့်သူ မဟုတ်ဘူး ဆိုတာ အစ်စာ သဘောပေါက်ခဲ့ပါတယ်။ဘာသာရေးတစ်ခုတည်းကြောင့်မဟုတ်ဘဲ အစ်ဇဘဲလားက သူ့အပေါ်မှာ ခပ်ပေ့ါပေ့ါသာ သဘောထားတယ်ဆိုတာ သိလာရလို့ ပါပဲ။

အစ်စာကို တက္ကသိုလ်မှာ ဆွဲဆောင်နိုင်တာက သိပ်များများ စားစားမရှိပါဘူး။ သရုပ်ဆောင်ဖို့ နဲ့ မိန်းကလေးတွေကလွဲရင် ဘာမှ စိတ်မဝင်စား ပါဘူး။ နောက်တော့ ကျောင်းမှာ နပန်းသတ်ကစားနည်းရှိတော့ အိမ်အလွမ်း ပြေအဖြစ် ဝင်ကစားတယ်။ တဖြည်းဖြည်းနဲ့ အစ်စာက သူ့ထက်ကြီးတဲ့ သူတွေ ကိုတောင် ကိုင်ပေါက်နိုင် လာပြီး ကျောင်းမှာ အတော်ဆုံးနပန်းသမား ဖြစ်လာ ပါတော့တယ်။ ဒေါသတွေ၊ မကျေနပ်ချက်တွေကို နပန်းနဲ့ ဖြေဖျောက်ပစ်တယ်။ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူတတ်လာပါတော့တယ်။

နွေရာသီကျောင်းပိတ်ရက်မှာ တော့ အစ်စာက ပွဲတော်တွေ ကျင်းပ

တဲ့ နေရာတွေကို သွားပြီး ကြေးစားနပန်းသမားအဖြစ် ဝင်ငွေရှာပါတယ်။ ဒါပေမဲ့ ဒုတိယနှစ်မှာ တော့ သူက Tamarack Playhouse ဆိုတဲ့ ကုမ္ပဏီမှာ ကုန်ပစ္စည်း တွေထိန်းသိမ်းတဲ့ စာရေးအလုပ်ရတာကြောင့် နပန်းသတ်စရာမလိုတော့ပါဘူး။ ဒီကုမ္ပဏီက ပြဇာတ်တွေ တင်ဆက်တဲ့ ကုမ္ပဏီတစ်ခုပါ။ သူ့ကို သရုပ်ဆောင် အနေနဲ့ ခေါ်တာ မဟုတ်ဘဲ စာရေးအနေနဲ့ ပဲ ခေါ်ထားတာပါ။ သူ့မှာ က သရုပ်ဆောင်အတွေ့အကြုံက လည်း မရှိသေးဘူး။ ဒီကုမ္ပဏီကိုလာကြတဲ့ သူတွေက အများအားဖြင့် ရှိကာဂိုမှ ရှိတဲ့ သရုပ်ဆောင်သင်တန်းကျောင်းဆင်း တွေပါ။ သူက ဇာတ်ခုံပေါ်ကပစ္စည်းတွေ ထိန်းသိမ်းတဲ့ အလုပ်ပဲလုပ်ရတယ်။ တစ်ခါတလေ လူလိုနေရင်တော့လည်း အတွင်းကနေပဲ တစ်ကြောင်းစ၊ နှစ်ကြောင်းစ လောက် ဝင်ပြောပေးတာလောက်တော့ လုပ်ရပါတယ်။

ဒုတိယနှစ် နွေရာသီမှာ သရုပ်ဆောင်အလုပ် လုံးဝ လုပ်ခွင့်မရဘဲ ပြီးခဲ့ရပါတယ်။ ဒါပေမဲ့ ပြဇာတ်မင်းသမီးကလေးတစ်ယောက်ကိုတော့ ရည်းစားရှိပါလျက်နဲ့ ရအောင်စွမ်းဆောင်နိုင်ခဲ့ပြီး လိင်ဆက်ဆံနိုင်တဲ့ အထိ ဖြစ်ခဲ့ပါတယ်။ နောက်ထပ် ဇာတ်ထဲမှာ ရင်းနှီးခွင့်ရခဲ့သူကတော့ မာလ်ဒင် ဂျော့ချ် စီကူလိုဗစ်ချ် ဆိုသူပါ။ နောင်မှာ တော့ သူက သူ့နာမည်ခေါ်လို့ လွယ်အောင် ကားလ်မာလ်ဒင်လို့ အမည်ပြောင်းခဲ့ပြီး အစ်စာကလည်း သူ့ နာမည်ကို ကတ်ဒေါက်ကလပ်စ်လို့ ပြောင်းလိုက်ပါတော့တယ်။

စိန့်လောရင့်စ်မှာ ဒုတိယနှစ်တက်တော့ သူက ကျောင်းကဖွဲ့ထားတဲ့ နပန်းအဖွဲ့မှာ စတားတစ်ယောက်ဖြစ်နေပါပြီ။ သူက ဘယ်လောက်တော်သလဲ ဆိုရင် အိုလံပစ်ပြိုင်ပွဲဝင်ဖို့ အထိ တိုက်တွန်းခံရပါတယ်။ ဒါပေမဲ့ ကတ်က လက်မခံဘဲ ပယ်ချခဲ့တယ်။ သူဘာဖြစ်ချင်တယ်ဆိုတာ ကိုယ့်ကိုယ်ကို ဝေခွဲ တတ်ခဲ့ပြီ။ သူ့ဘဝကို အားကစားနဲ့ အသက်မွေးဝမ်း

ကျောင်းမပြချင်ဘူး။ ရည်းစားရှိတဲ့ မိန်းကလေးကို သွေးဆောင်ပေါင်းသင်းပြီး သူ့ရည်းစားရှေ့မှာ တော့ တစ်ယောက်နဲ့ တစ်ယောက် မသိချင်ယောင်ဆောင်နေရတာကိုက သရုပ်ဆောင် ဖြစ်လာခဲ့ပြီ။

၁၉၃၉ ခုနှစ်မှာ စိန့်လောရင့်စ်က ကျောင်းပြီးသွာတော့ နယူး ယောက်က Academy of Dramatic Arts မှာ ကျောင်းဆက်တက်ဖို့ လျှောက်ထားခဲ့ပေမဲ့ အပယ်ခံရပါတယ်။ ကတ် မတော်လို့ မဟုတ်ပါဘူး။ တစ်နှစ်အတွက်ပေးရမယ့် သင်တန်းကြေးဒေါ်လာ ၅၀၀ မတတ်နိုင်လို့ ပါ။ ပညာသင်ထောက်ပံ့ကြေးလျှောက်တာကလည်း မရခဲ့ပါဘူး။ သူရှာရင်းဖွေရင်း နဲ့ နိုင်ငံရပ်ခြားက ပြောင်းရွှေ့လာတဲ့ ကလေးတွေကို စင်တင်ပေးနေတဲ့ ပြဇာတ်အဖွဲ့တစ်ခု သွားတွေ့တယ်။ ကုမ္ပဏီနာမည်က Greenwich House ပါတဲ့ ။ အဲဒီမှာ သူအလုပ်ဝင်လုပ်ခဲ့ပြန်ပါတယ်။

အဲဒီနှစ်နွေရာသီမှာ Tamarack မှာ ပဲ အလုပ်ပြန်ဝင်တယ်။ ငွေအတော် လေးစုမိတော့ နယူးယောက်က Academy of Dramatic Arts ကို ပြန်သွားပြန် တယ်။ ဒီတစ်ကြိမ်မှာ တော့ သူ့ကို လက်ခံလိုက်တဲ့ အပြင် သင်တန်းကြေးလည်း လျှော့ပေးတယ်။ သင်တန်းတက်နေရင်းမှာ ပဲ ပိတုန်းရောင်နက်မှောင်နေတဲ့ ဆံကေသာရှင်မလေး မာဂရက်မေရီပက်ဂီဒစ်ကင်းစ်ကို သဘောကျသွား တယ်။ မျက်ဝန်းကျယ်ကျယ်နဲ့ အဲဒီကလေးမလေးက မော်ဒယ်လ်လည်း လုပ်နေတယ်။ သူနဲ့ ပတ်သက်ပြီး ကတ်က ရေးခဲ့တာကတော့ 'သူဟာ နယူး ယောက် အလှဘုရင်မ'ပါတဲ့ ။

သူတို့ နှစ်ယောက် ချစ်ကျွမ်းဝင်သွားကြပြီး ကတ်က လက်ထပ်ခွင့်တောင်းတော့ လက်ခံတယ်။ သူငယ်ချင်းတွေ အကြံပေးချက်အရ အမြန်ဆုံး လက်ထပ်ခွင့်ရနိုင်မယ့် နယူးဂျာဆီပြည်နယ်က နီဝပ်ခ်ကို မီးရထားနဲ့ သွားခဲ့ကြ တယ်။ ဒါပေမဲ့ သူငယ်ချင်းတွေပြောလိုက်သလို မဟုတ်ပါ

ဘူး။ လက်ထပ် ခွင့်ရဖို့ စာရွက်စာတမ်း အထောက်အထားအများကြီး တင်ပြဖို့ လိုနေတယ်။ ဒါကြောင့် လက်မထပ်ဖြစ်ကြဘဲ စိတ်ပျက်လက်ပျက်နဲ့ နယူးယောက်ကို ပြန်လာကြတယ်။ ဒါပေမဲ့ စာရွက်စာတမ်းစုံအောင် ကြိုးစားကြပြီး အမြန်ဆုံး သွားလက်ထပ်မယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါပေမဲ့ မကြာခင်မှာ ဘဲ ပက်ဂီ ကို ဟောလိဝုဒ်က 'ကမ္ဘာ့အချောဆုံးမိန်းကလေးများ အဖွဲ့'မှာ ပါဝင်ဖို့ ကမ်း လှမ်းလာတာကြောင့် ဇာတ်လမ်းက အဆုံးသတ်သွားတယ်။ ပက်ဂီက ကတ်ဆီကို စာမရေး၊ ဖုန်းမဆက်တော့ဘဲ ဖြတ်သွားခဲ့ပါတယ်။

ကတ် တော်တော်စိတ်ထိခိုက်သွားခဲ့ပါတယ်။ ပက်ဂီကို မေ့နိုင်ဖို့ ကြိုးစားတဲ့ အနေနဲ့ ဘရော့ဒ်ဝေးမှာ အလုပ်လုပ်ရင်း နောက်ထပ်အလုပ် တစ်ခု ကိုရှာတော့ အလုပ်လက်မဲ့ သရုပ်ဆောင်အများ စု လာလုပ်ကြတဲ့ ၈၆ လမ်းက ရေခဲမုန့်နဲ့ အညားညှပ်ပေါင်မုန့်ဆိုင်မှာ အလုပ်ရတယ်။ လခရတာရယ်၊ ဘောက်ဆူးရတာတွေရယ် စုနိုင်တော့ နေစရာအခန်းလေး တစ်ခုကို ရက် သတ္တတစ်ပတ်ကို သုံးဒေါ်လာနဲ့ ငှားနေနိုင်လာတယ်။ စားရေးသောက်ရေးက တော့ ဆိုင်လာစားတဲ့ ဧည့်သည် တွေကျန်တာ စားလိုက်ရုံနဲ့ ပြီးပါတယ်။

ဒီစားသောက်ဆိုင်မှာ သူ ကျောင်းကပြီးတဲ့ ၁၉၄၁ ခုနှစ်အထိ လုပ်ခဲ့တာပါ။ သူတို့ သင်တန်းသား ၁၈၆ ယောက်ရှိတဲ့ အနက် ၈၀ သာ ဒုတိယနှစ်ကို ဆက်တက်နိုင်ခဲ့ကြတယ်။ တချို့က သင်တန်းကြေး မတတ်နိုင် လို့ ၊ တချို့က စစ်ထဲဝင်မှာ မို့လို့ ၊ တချို့ကတော့လည်း အရည်အချင်း မပြည့်မီလို့ ကျန်ရစ်ခဲ့ကြပါတယ်။ ကျောင်းတက်တာကတစ်ဖက်၊ သရုပ်ဆောင်လုပ်တာ ကတစ်ဖက်နဲ့ ပဲ ကတ်က ကြိုးစားခဲ့ပါတယ်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှာ ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခံရပြီးတော့ ကတ်က လေတပ်ထဲ ဝင်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ အဲ

ဒီအချိန်က အသက် ၂၅ နှစ် ရှိနေပြီဖြစ်တဲ့ ကတ်ကို အသက်ကြီးတယ်ဆို ပြီး ပယ်လိုက်ပါတယ်။ ဒီတော့ လည်း မူလ အလုပ်ကိုပဲ ပြန်လုပ်ရတာ ပေါ့။ တစ်နေ့မှာ တော့ သူ အကြိမ်ကြိမ် ကြိုးစားနေတဲ့ Katharine Cornell Guthier -McClintic ရုပ်ရှင်ထုတ်လုပ်ရေးက သူ့ဇာတ်ပုံနဲ့ ကိုယ်ရေး အကျဉ်းကိုတောင်းရုံသာမက McClintic ရဲ့ လက် ထောက်နဲ့ ပါ တွေ့ခွင့် ပေးလိုက်ပါတယ်။ လက်ထောက်က သဘောကျပြီး အရည်အချင်းစစ်၊ သူတို့ ဘရော့ဒ်ဝေးမှာ လောလောဆယ် တင်ဆက်နေတဲ့ Spring Again ပြဇာတ်မှာ ပါဝင်သရုပ်ဆောင်ခွင့်ပေးလိုက်ပါတယ်။ ကတ်မှာ ပျော်လိုက်တဲ့ ဖြစ်ခြင်း။ သူသရုပ်ဆောင်ရတဲ့ ဇာတ်ရုပ်က စာသားလေးကြောင်း ပါတဲ့ သီချင်းတစ်ပုဒ်ကိုဆိုရင်း ကြေးနန်းစာတွေလိုက်ပို့ရတဲ့ လူငယ်တစ် ယောက်ဇာတ်ရုပ်ပါ။ သရုပ်ဆောင်ခ ရတာကတော့ နည်းပါတယ်။ တခြား ဇာတ်ကောင်နေရာတွေကိုလည်း လေ့လာချင်တော့ ကတ်က ည ပိုင်းမှာ လုပ်ရတဲ့ စားသောက်ဆိုင်က အလုပ်ကို ထွက်လိုက်ပါတယ်။ အပိုဝင်ငွေရအောင် ဇာတ်ခုံမန်နေဂျာအလုပ်ကို ဝင်လုပ်တယ်။

ဒီအလုပ်နဲ့ ပတ်သက်ပြီး ကတ်က သူ့မှတ်တမ်းစာအုပ်မှာ ဖော်ပြခဲ့ပါတယ်။ တစ်ညမှာ ကုမ္ပဏီသူဌေး McClintic က ညစာအတူလာစားဖို့ ဖိတ်ပါသတဲ့ ။ညစာစားအပြီးမှာ သူဌေးက သူ့ကို လိင်ဆက်ဆံဖို့ ကြိုးစားတာ ကြောင့် ကတ် တော်တော် စိတ်ပျက်သွားပါသတဲ့ ။ ဇာတ်ခုံ၊ သရုပ်ဆောင် အတတ်ပညာကိုသာမက ယောက်ျားပီသနေတဲ့ သူ့ကိုယ်သူပါ မုန်းလာတယ်။ သိပ်မကြာခင်မှာ ဘဲ ရေတပ်မတော်ထဲ ဝင်လိုက်ပါတော့တယ်။

အချိန်တွေက ပြောင်းလဲလာခဲ့ပါပြီ။ ၁၉၄၂ ခုနှစ်ရောက် လာပြီး စစ်ရိပ်စစ်ငွေ့သန်း လာပြီဆိုတော့ စစ်တပ်ကလည်း ချေးများ မနေတော့ဘဲ သက်ရှိမှန်သမျှကို လက်ခံတော့တာပဲ။ ကတ်ကို အင်ဒီယားနားပြည်န

ယ်က Notre Dame Midshipman School ပို့လိုက်ပြီး လေးလကြာ သင်တန်းတက်ရ တယ်။ တစ်နေ့မှာ တော့ Life မဂ္ဂဇင်းရဲ့ မျက်နှာဖုံးမှာ သရုပ်ဆောင်သင်တန်း ကျောင်း အတူတက်ခဲ့ဖူးတဲ့ သူငယ်ချင်း ဒိုင်ယာနာလပ်ဖ်ဒေးလ်ရဲ့ ပုံ ဖော်ပြ ထားတာ တွေ့လိုက်ရတယ်။ လှလိုက်တဲ့ ဒိုင်ယာနာ။ ဒီလောက်လှတာ သူ မမြင်ဖူးဘူး။

ဒီမိန်းကလေးက ၁၇ ရာစုနှစ်စောစောပိုင်းမှာ အိုင်ယာလန်မြောက်ပိုင်းကို စွန့်ခွာပြီး ဗာဂျီးနီးယားပြည်နယ်ဆီ ဦးတည်ရွက်လွှင့်ခဲ့ကြတဲ့ ညီအစ်ကို နှစ်ယောက်ထဲက တစ်ယောက်ကနေ ဆင်းသက်လာခဲ့သူကလေးပါ။ ညီအစ်ကိုနှစ်ယောက်က ဘာမျူဒါကျွန်းရောက်ပြီး တစ်ထောက်နားခဲ့ကြရာက ဗာဂျီးနီးယားကို ဆက်မသွားကြတော့ဘဲ ဘာမျူဒါမှာသာ အခြေချခဲ့ကြရာက နောင်မှာ သင်္ဘောသူဌေးကြီးတွေ ဖြစ်လာခဲ့ကြပါတယ်။ ဒိုင်ယာနာရဲ့ မိခင် ရှယ်ရာပါလ်ဂျီနယ်လ်ဆင်က နောင်မှာ အိုင်ယာလန်မှာ ရှိတဲ့ သွေးသားရင်းချာ တွေနဲ့ ပြန်လည်အဆက်အသွယ်ရခဲ့ပါတယ်။ ရှယ်က အချိန်တန်အရွယ်ရောက် တော့ သူ့ထက် အသက်လေးနှစ်ကြီးတဲ့ သောမတ်စ် မယ်လ်ဗီးဒေးလ်နဲ့ အိမ်ထောင်ပြုခဲ့ရာက သားသမီး ခုနစ်ဦး ထွန်းကားခဲ့ပါတယ်။

သတ္တမမြောက် ရင်သွေး ဒိုင်ယာနာကို မွေးဖွားချိန် ၁၉၂၃ ခုနှစ်မှာ အမေက လေးဆယ့်သုံးနှစ်၊ အဖေက လေးဆယ့်ခြောက်နှစ်ရှိပါပြီ။ ဒိုင်ယာနာ ခြောက်နှစfor ိ:အရွယ်မှာ ပညာသင်ကြားဖို့ လန်ဒန်သို့ပို့လိုက်ကြပြီး ကင်စတန် ဂါးဒင်းစကွဲက ဒိုးရစ်ကျောင်းမှာ ပညာသင်ယူစေတာကြောင့် ဗြိတိသျှ အထက်တန်းလွှာ တစ်ဦးလို ပညာကောင်းကောင်း တတ်ခဲ့ပါတယ်။ ၁၉၃၀ ထိ ဒိုင်ယာနာက လန်ဒန်မှာ ပဲ နေရတယ်။ နောက်တော့ အစ်မတစ်ဦးဖြစ်တဲ့ ဖရန်စစ္စ ခေါ် ဖရန်ကလည်း ကျောင်းလာတက်တာကြောင့် ရိုက်ဒ် အမည်ရှိ မိန်းကလေးကျောင်း

ကို ပြောင်းတက်ဖြစ်ပါတယ်။ ညီအစ်မနှစ်ယောက် ၁၉၃၃ ထိ ကျောင်း တက်ခဲ့ကြပြီး ဘာမျူဒါကို ပြန်လာကြတယ်။ စစ်ရိပ်စစ်ငွေ့သန်း လာ တော့ မိသားစုလိုက် လုံခြုံမယ့် အမေရိကန်ပြည်ထောင်စုက နယူးယော က် ကို ပြောင်းခဲ့ကြပါတယ်။ အရွယ်ရောက် လာပြီဖြစ်တဲ့ ဒိုင်ယာနာက Academy of Dramatic Arts သရုပ်ဆောင်ကျောင်းတက်ရာက ကတ်နဲ့ ဆုံစည်းကြတာ ပါပဲ။

မိတ်ဆွေတွေဖြစ်သွားကြတော့ ဒိုင်ယာနာက ကတ်ကို ဒေ့ါလို့ သာ ခေါ်ပါတယ်။ သူက ဒေါက်ကလပ်စ်ကို အတိုကောက်ခေါ်တာဖြစ်ပေမဲ့ ခွေးကိုခေါ်တဲ့ အသံမျိုး ဖြစ်နေပါတယ်။ မိန်းမမြင်ရင် အငမ်းမရဖြစ်တ တ်တဲ့ ကတ်ရဲ့ သဘောသဘာဝကိုလည်း သတိထားမိပါတယ်။ နောင်မှာ ဒိုင်ယာနာ ရေးတဲ့ မှတ်တမ်းမှာ ကတ်ဟာ သရုပ်ဆောင်ကော င်းတာထက် မိန်းမများ သည်းသည်းလှုပ်ကြိုက်ကြတဲ့ သရုပ်ဆောင်ဖြစ် တယ်လို့ ဖေါ်ပြခဲ့ပါတယ်။ 'သူ့အနားမှာ မိန်းမချောလေးတစ်ယောက်မ ဟုတ် တစ်ယောက် အမြဲရှိတယ်' တဲ့ ။ ဒါပေမဲ့ အဲဒါတွေကို ဒိုင်ယာနာ က စိတ်မပျက်ပါဘူး။ စိတ်ကြမ်း၊ ကိုယ်ကြမ်း ယောကျ်ားသားတွေ ပတ် ဝန်းကျင်မှာ ကြီးပြင်းခဲ့တာဆိုတော့ ကတ်ရဲ့ ယောကျ်ားပီသတဲ့ ရုပ်ရည် ကို သဘောကျနေမိတယ်။ မကြာခင်မှာ ဘဲ မိတ်ဆွေဘဝကနေ ချစ်သူ တွေဖြစ်သွားခဲ့ကြပါတယ်။ ကျောင်းမှာ အကြီးတန်း ဆက်တက်ရတော့ ဒိုင်ယာနာက နယူးယောက်မှာ ပဲနေပါရစေတော့လို့ မိဘ တွေကို ခွင့်ပန် တဲ့ အခါ စစ်ရိပ်စစ်ငွေ့ကြောင့် မိဘတွေကလည်း နယူးယောက် မှာ ပဲ နေတာကို သဘောတူလိုက်ကြပါတယ်။ ဒါပေမဲ့ မိန်းမသားတွေချည်း နေတဲ့ နေရာမှာ ပဲနေရမယ်လို့ တော့ ခြွင်းချက်ထားခဲ့ပါတယ်။

မမျှော်လင့်ဘဲ ဟောလိဝုဒ်က အေးဂျင့်တစ်ယောက်က ဒိုင်ယာနာကို သရုပ်ဆောင်လုပ်ဖို့ ကမ်းလှမ်းလာခဲ့ပါတယ်။ အဖြစ်အပျက်ကို ကတ်မှ

မယုံနိုင်လောက်အောင်ပါပဲ။ ကံကြမ္မာက တစ်ပတ်လည်ပြန် လာပြီလား ။ ဒါကြောင့် ဒိုင်ယာနာကို ဟောလိဝုဒ်ကို မသွားပါနဲ့ လို့ တောင်းပန်တယ်။ သဘောထားချင်းမတိုက်ဆိုင်လို့ စကားတွေများကြရတယ်။ ဒိုင်ယာနာက လည်း သွားမယ်လို့ ဆုံးဖြတ်ထားပြီးပြီ။ ဒါကြောင့် ကတ်နဲ့ နယူးယောက်ကို ထားခဲ့ပြီး အမေရိကန်ပြည်ထောင်စု အနောက်ဘက်မှာ ရှိတဲ့ ဟောလိဝုဒ်ကို သရုပ်ဆောင်လုပ်ဖို့ ထွက်ခွာခဲ့ပါတော့တယ်။

Life မဂ္ဂဇင်းကြီးရဲ့ မျက်နှာဖုံးရှင်အဖြစ် တွေ့လိုက်ရတဲ့ ဒိုင်ယာနာဆီ ကို ကတ်က မဂ္ဂဇင်းမှ တစ်ဆင့် စာရေးဆက်သွယ်လိုက်တဲ့ အခါ မျှော်လင့် မထားတဲ့ ဒိုင်ယာနာရဲ့ နွေးထွေးတဲ့ ပြန်စာကိုရခဲ့ပါတယ်။ ဒိုင်ယာနာက သူမျှော်လင့်ခဲ့ပေမဲ့ ဟောလိဝုဒ်က သူ့ကိုနွေးနွေးထွေးထွေး မကြိုဆိုပါကြောင်း၊ ဒါကြောင့် နယူးယောက်ကို ပြန်လာခဲ့ပြီး ဘယ်လီဗူးဆေးရုံမှာ ညပိုင်းသူနာပြု ဆရာမ အလုပ်ဝင်လုပ်ခဲ့ကြောင်း၊ နောက်တော့ စိန့်အဲန်သားဖွားဆေးရုံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရင်း တစ်ခါတစ်ရံ ဂျွန်ရောဘတ်စ်အေဂျင်စီမှာ အချိန်ပိုင်း မော်ဒယ်လ်လုပ်ဖြစ်နေကြောင်း ပြန်ကြားလာတာပါ။

ကတ်က South Bend မှာ ပဲ တာဝန်ထမ်းဆောင်နေရဆဲဖြစ်တာကြောင့် အခွင့်အရေးရတဲ့ အခါတိုင်း ဒိုင်ယာနာ ရှိရာ နယူးယောက်ကို သွားသွားလည်ပါတယ်။ တာဝန်အရ ပြည်ပနိုင်ငံသို့ စစ်ထွက်ရတော့မယ်ဆိုတဲ့ အချိန်မှာ တော့ ကတ်က ဒိုင်ယာနာကို သူရှိရာ South Bend ကိုလိုက် လာပြီး လက်ထပ်ပါရစေလို့ ခွင့်တောင်းပါတယ်။ ဒိုင်ယာနာက လည်း လက်ခံတာ ကြောင့် ၁၉၄၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်မှာ အင်ဒီယားနားပြည်နယ် ရေတပ်မတော်တရားရုံးမှာ လက်မှတ်ရေးထိုး လက်ထပ်လိုက်ကြပါတယ်။ အဲဒါအပြင် ကတ်က ဘာသာရေးထုံးတမ်းစဉ်လာနဲ့ အညီ လက်ထပ်လိုသေး တာကြောင့် ဂျူးဘုန်းကြီးတစ်ပါးကို အ

ကူအညီတောင်းပါတယ်။ ဂျူးနဲ့ ခရစ်ယာန်ဖြစ်နေတာကြောင့် မွေးလာမယ့် သားသမီးတွေကို ဂျူးဘာသာ သက်ဝင်ယုံကြည်စေပါမယ်ဆိုတဲ့ ကတိခံဝန်ချက်နဲ့ လက်ထပ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ကတ်က ဒီကတိကို တိတိကျကျ စောင့်ထိန်းဖို့ မလိုဘူးလို့ ဒိုင်ယာနာ ကို အာမခံခဲ့ပါတယ်။

တစ်လခွဲလောက် South Bend မှာ အတူနေခွင့်ရကြပြီး ကတ်က ပစိဖိတ်သမ ုဒ္ဒရာထဲ စစ်ထွက်ခဲ့ရပါတော့တယ်။ ခင်ပွန်းသည် ကို နောက်တစ် ကြိမ် ပြန်တွေ့ရတော့မှာ မဟုတ်ဘူး လို့ ဒိုင်ယာနာက ယူဆတာကြောင့် ကတ် စစ်ထွက်သွားချိန်မှာ အစ်မအကြီးဆုံး ရှသ်ရှိရာ နယူးဂျာစီသို့ ပြောင်းရွှေ့ နေထိုင်ပါတယ်။ ဒိုင်ယာနာက စစ်ထွက်ယောက်ျားရဲ့ ဇနီးမယားအနေနဲ့ မော်ဒယ်အလုပ်ကို မလုပ်သင့်ဘူးလို့ ယူဆတာကြောင့် မဟတ္တန်က E.R.Squibb လုပ်ငန်းမှာ အချိန်ပြည့်အလုပ် ဝင်ရောက်လိုက်ပါတယ်။ များ မကြာ ခင်မှာ ဘဲ ဒိုင်ယာနာက သူ့မှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း သိလိုက်ရပါ တော့တယ်။

သဘော်ာပေါ်မှာ ကတ်က တိုက်ပွဲမဆင်နွှဲရပေမဲ့ သူတို့ သဘော်ာပေါ်ကို ကျရောက်ပေါက်ကွဲတဲ့ ဗုံးဒဏ်ကို အနီးကပ် ခံစားလိုက်ရတာကြောင့် သေလု နီးပါးဖြစ်သွားတဲ့ အတွက် သူ့ကို ဆန်ဒီအေးဂိုးမြို့က ဆေးရုံပို့လိုက်ကြရ ပါတယ်။ ဒိုင်ယာနာက ချက်ချင်းအလုပ်ထွက်ပြီး ခင်ပွန်းသည် ကိုပြုစုဖို့ လိုက်လာခဲ့ပါတယ်။ နာတာရှည်ဖြစ်သွားတဲ့ ကတ်ကို တပ်က ၁၉၄၄ ခုနှစ် ဇွန်လမှာ ထွက်ခွင့်ပြုလိုက်ပါတယ်။ လင်မယားနှစ်ယောက် အစ်မအကြီးဆုံး ရှသ်အိမ်မှာ ပြန်ခိုရင်း ကလေးမွေးပြီးသည် အထိ နေကြမယ်လို့ ဆုံးဖြတ်လိုက် ကြပါတယ်။ နည်းနည်းကျန်းမာလာတဲ့ ကတ်က ဇာတ်ရုံတွေမှာ အလုပ်လိုက် လျှောက်ရင်း နောက်ဆုံးမှာတော့ ဘရော့ဒ်ဝေးမှာ အလုပ်ရလိုက်ပါတယ်။ ကတ်က အမူအရာလုပ်တတ်တာက တစ်ကြောင်း၊ စစ်အတွင်းကာလဆိုတော့

ခေါင်းဆောင်မင်းသားရှားပါးမှုက တစ်ကြောင်းကြောင့် အလုပ်ရခဲ့တာပါ။ ကတ်က သရုပ်ဆောင်အလုပ်ရပြီဆိုတော့ ဒိုင်ယာနာက နေစရာအခန်း လိုက် ရှာရတယ်။ ကံကောင်းထောက်မစွာ ဘရော့ဒ်ဝေးကို လမ်းလျှောက်သွားရုံနဲ့ ရောက်နိုင်တဲ့ အနောက်ပိုင်း ဆယ့်တစ်လမ်းထဲမှာ အိပ်ခန်းတစ်ခန်းပါတဲ့ အခန်းတစ်ခုရခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအခန်းကို မပြောင်းနိုင်သေးခင် ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်မှာ ဒိုင်ယာနာက ဗိုက်နာလာပါတော့တယ်။ မွေးဖွားရခက်နေပြီး နောက်တစ်နေ့မနက် ဆယ်နာရီခွဲမှ သားယောကျ်ားလေး ကို မွေးဖွားနိုင်ခဲ့ပါတယ်။ ဒိုင်ယာနာ ဆေးရုံက ဆင်းချိန်မှ နယူးယောက် နေအိမ်သစ်ကို ပြောင်းခဲ့ကြတာပါ။

သားလေးနာမည်ပေးဖို့ ရွေးကြတော့ လင်မယားနှစ်ယောက် သဘော ထားချင်းမတိုက်ဆိုင်ကြပြန်ပါဘူး။ ဒိုင်ယာနာက သားနာမည်ကို ကတ်ဂျူ နီယာလို့ ထားချင်တယ်။ ဒါပေမဲ့ ကတ်က ဂျူးဘာသာမှာ အဖေသေမှ သာ သားဖြစ်သူကို အဲဒီလိုခေါ်ခွင့်ရှိတာကြောင့် သဘောမတူဘူး။ နောက်ဆုံး မှာ တော့ 'မိုက်ကယ်လ်ကေ(ကတ်ကို အတိုကောက်သုံးတာပါ)ဒေါက် ကလပ်စ်'လို့ မှ ည့်ခေါ်ခဲ့ကြပါတော့တယ်။

ဒီလိုနဲ့ ပဲ ဖအေတူ သားချောတစ်ယောက် ဘာမျူဒါသူဌေးမျိုးရိုးကနေ ကမ္ဘာစစ်အတွင်းကာလမှာ ဆင်းသက်ပေါက်ဖွားလာခဲ့ပါတော့တယ်။

* * *